"ပြည်သူ့ကာကွယ်ရေးတပ်မတော် သစ္စာအဓိဋ္ဌာန် (၄) ချက်"

၁။ ငါတို့သည် ပြည်ထောင်စုနှင့် ပြည်ထောင်စုသားများအပေါ် သစ္စာစောင့်သိပါမည်။

၂။ ငါတို့သည် [illegible] သစ္စာစောင့်သိပါမည်။

၃။ ငါတို့သည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပါမည်။

၄။ ငါတို့သည် [illegible]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
အပတ်စဉ်သတင်းထုတ်ပြန်ချက် (၁/၂၀၂၄)

အမှတ်စဉ် (၁/၂၀၂၄) http://www.nugmyanmar.org ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်။

အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) နှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) တို့က ၂၀၂၄ ခုနှစ်၊ နှစ်သစ်ကူးပူးတွဲ ထုတ်ပြန်ကြေညာချက် ကို ထုတ်ပြန်

၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်ဟူသမျှချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးအတွက် လက်တွဲတိုက်ပွဲဝင်နေကြသော တော်လှန်ရေး အင်အားစု အသီးသီးကို ဂုဏ်ပြုသောအားဖြင့် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံ ကောင်စီ (NUCC) နှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) တို့က ၂၀၂၄ ခုနှစ်၊ နှစ်သစ်ကူးပူးတွဲထုတ်ပြန်ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါ နှစ်သစ်ကူးပူးတွဲထုတ်ပြန်ကြေညာချက်တွင် အပိုဒ် ၉ ပိုဒ်ပါဝင်ပြီး ပြည်သူလူထု၏ မဆုတ်မနစ်သော ထောက်ခံအားပေးမှု၊ တိုင်းရင်းသား တော်လှန်ရေး အဖွဲ့အစည်းများ၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ နှင့် ဒေသကာကွယ်ရေးတပ်ဖွဲ့ များ၏ သမိုင်းတွင်သော ပူးပေါင်းစွမ်းဆောင်မှုနှင့် ပြည်တွင်း၊ ပြည်ပမှ နိုင်ငံသား များ၏ ကူညီပံ့ပိုးမှုတို့ကို လေးစားစွာမှတ်တမ်းတင်ကြောင်း၊ အကြမ်းဖက်စစ်အုပ်စု၏ ထိန်းချုပ် နယ်မြေများ တစတစ လျော့နည်းလာပြီး၊ နိုင်ငံတဝန်း ဒေသအသီးသီးၡ တော်လှန်ရေး အင်အားစု များ၏ စိုးမိုးနယ်မြေများ နေ့စဉ်နှင့်အမျှ ကျယ်ပြန့်လာ ကြောင်း၊ အကြမ်းဖက်စစ်အုပ်စုက ပြည်သူလူထုကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းများ ကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ အများအပြား လိုအပ် နေသဖြင့် နိုင်ငံတကာအစိုးရများအနေဖြင့် တော်လှန်ရေးအင်အားစုများဖြင့် တိုက်ရိုက်ချိတ်ဆက် ကူညီပေးကြရန် လိုအပ်ကြောင်း၊ NUCC၊ NUG နှင့် တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများအပါအဝင် ဒေသအသီးသီးမှ တော်လှန် ရေးအင်အားစုအားလုံးသည် အကြမ်းဖက်စစ်အုပ်စု၏ ဒေသတွင်း ခြိမ်းခြောက်မှု ဖြစ်စေသော အခြေအနေများကို ကောင်းစွာသတိပြုမိပြီး နိုင်ငံတွင်းနှင့် ဒေသတွင်း တည်ငြိမ် အေးချမ်းမှုနှင့် ဖွံ့ဖြိုး တိုးတက်မှုတို့ကို အစဉ်အမြဲ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ရာ နိုင်ငံတကာနှင့် ဒေသတွင်း နိုင်ငံ များ၏ အားပေးထောက်ခံမှုရရန် လိုအပ် ကြောင်း၊ တော်လှန်ရေး အင်အားစုများအကြား ဘုံနိုင်ငံရေးသဘောတူညီချက်တရပ် အမြန်ဆုံးရရှိရန် အရှိန်အဟုန်မြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသလို အကြမ်းဖက် စစ်အုပ်စုပြိုကျပြီးသည့် တော်လှန်ရေးအလွန်ကာလအတွက် အသွင်ကူးပြောင်းရေး ကာလ တရားမျှတမှု အပါအဝင် နိုင်ငံရေး စီးပွားရေး လူမှုရေး ပြန်လည်ထူထောင် ရေး အစီအမံများကိုလည်း တော်လှန်ရေးအင်အားစု များအကြားညှိနှိုင်းဆွေးနွေး လျက်ရှိ ကြောင်း၊ ၂၀၂၄ ခုနှစ်သည် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအားလုံးအတွက် အောင်ပွဲခံမည့်နှစ်ဖြစ် စေရန် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည် ဟု အလေးအနက် ကတိပြုကြောင်း တို့ ဖော်ပြပါရှိကြောင်း သိရှိရသည်။

https://bit.ly/3SIlpJn

စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန

နွေဦးဖွံ့ဖြိုးရေးဘဏ်ကို ပထမဆုံး မြေပြင်ဘဏ်ခွဲ အဖြစ် ကောလင်းမြို့နယ်တွင်ဖွင့်လှစ်တော့မည်။

နွေဦးတော်လှန်ရေးကာလအတွင်း ပေါ်ပေါက်လာသည့် မြန်မာနိုင်ငံ၏ ပထမဆုံး ဒစ်ဂျစ်တယ်ဘဏ်ဖြစ်သည့် နွေဦးဖွံ့ဖြိုးရေးဘဏ်၏ ပထမဆုံး မြေပြင်ဘဏ်ခွဲကို ကောလင်းမြို့နယ်တွင် မကြာခင်ဖွင့်လှစ်တော့မည်ဟု Spring Development Bank မှ ဒီဇင်ဘာ ၂၆ ရက်တွင်ထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံ၏ ပထမဆုံးသော ဒစ်ဂျစ်တယ်ဘဏ်ဖြစ်သည့် နွေဦးဖွံ့ဖြိုးရေးဘဏ် ပထမဆုံး မြေပြင်ဘဏ်ခွဲမှ နွေဦးချစ်သူများကို မကြာမီ ကာလအတွင်း ဘဏ်ဝန်ဆောင်မှုများ စတင်ပေးနိုင်တော့မည်ဟု ဖော်ပြထားသည်။ စစ်ကိုင်းတိုင်း၊ ကောလင်းမြို့နယ်ကို ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) မှ တိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့ပြီးနောက် နိုဝင်ဘာ (၆) ရက်နေ့တွင် ပြည်သူ့ကာကွယ်ရေး တပ်မတော်၏ အလံတော်ကို စတင်လွှင့်ထူနိုင်ခဲ့သည်။

https://bit.ly/3vfYcLE

ကာကွယ်ရေးဝန်ကြီးဌာန

သပိတ်ကျင်းမြို့နယ် အကြမ်းဖက်စစ်ကောင်စီစခန်း နှင့် လက်နက်ခဲယမ်းများကို သိမ်းပိုက်နိုင်ခဲ့

မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့နယ်၊ ငါးတန်နဲ့အိုင်ကျေးရွာအနီးက အကြမ်းဖက်စစ်ကောင်စီ၏ ပို့ဆ်စခန်းကုန်းကို ပြည်သူ့ကာကွယ်ရေး ပူးပေါင်းအဖွဲ့က သိမ်းပိုက်နိုင်ခဲ့ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ရုံးချုပ်မှ ဒီဇင်ဘာ (၂၆) ရက်တွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါ အကြမ်းဖက်စစ်ကောင်စီစခန်းကို ဒီဇင်ဘာ (၂၅) ရက်၊ နေ့လည်အချိန်တွင် ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်ဖွဲ့က သိမ်းပိုက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ရန်သူ့စခန်းကို သိမ်းပိုက်နိုင်ခဲ့ပြီးနောက် လက်နက်၊ ခဲယမ်း၊ စစ်အသုံးအဆောင်ပစ္စည်း (၂၇) မျိုး သိမ်းဆည်းရရှိခဲ့ကြောင်းလည်း ဖော်ပြထားသည်။

https://bit.ly/47hgjy7

အရာတော်မြို့နယ်၊ နောင်ကြီးအိုင်ရဲစခန်းမှ အကြမ်းဖက်စစ်တပ်တပ်သားများ စခန်းစွန့်ခွာထွက်ပြေး

စစ်ကိုင်းတိုင်း၊ အရာတော်မြို့နယ်၊ နောင်ကြီးအိုင် ရဲစခန်းမှ အကြမ်းဖက်စစ်ကောင်စီတပ်သားများ စခန်းစွန့်ခွာထွက်ပြေးသွားကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒီဇင်ဘာ (၂၅) ရက်မှာတွင်ထုတ်ပြန်ခဲ့သည်။

ဒီဇင်ဘာ ၂၃ ရက်တွင် နောင်ကြီးအိုင်ရဲစခန်းမှ ရန်သူ့တပ်ဖွဲ့ဝင်များသည် ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) နှင့်ပြည်သူ့ကာကွယ်ရေးအဖွဲ့ (ပကဖ) များ၏ စစ်ရေးဖိအားကြောင့် အကြမ်းဖက်တပ်ဖွဲ့ဝင်များ စခန်းစွန့်ခွာထွက်ပြေးသွားခြင်းဖြစ်ပြီး အဆိုပါတိုက်ခိုက်မှုများအတွင်း အကြမ်းဖက်တပ်သား (၁၈) ဦးခန့် သေဆုံးခဲ့ကြောင်းဖော်ပြထားသည်။ https://bit.ly/47iExbg

အမျိုးသားညီညွတ်ရေးအစိုးရ

၂၀၂၄ ခုနှစ်တွင် အောင်မြင်မှု အချိုးအကွေ့များဖြင့် တက်လှမ်းနိုင်ရေးအတွက် ဖွဲ့လုံ့လဝီရိယကို မြှင့်တင်ထားကြရန် NUG ယာယီသမ္မတ တိုက်တွန်း

၂၀၂၄ ခုနှစ်တွင် အောင်မြင်မှု အချိုးအကွေ့များဖြင့် တက်လှမ်းနိုင်ရေး အစိုးရအဖွဲ့ဝင်အားလုံးအနေဖြင့် ဖွဲ့ လုံ့လ၊ ဝီရိယကို မြှင့်တင်ထားကြရန် အမျိုးသားညီညွတ်ရေးအစိုးရ ယာယီသမ္မတ ဒူဝါလရှီးလမှ ဒီဇင်ဘာ (၂၅) ရက် (၄၀) ကြိမ်မြောက် အစိုးရအဖွဲ့အစည်းအဝေးတွင် တိုက်တွန်းပြောကြားခဲ့သည်။

"လာမယ့် ၂၀၂၄ ခုနှစ်မှာ နောက်ထပ် အသစ်အသစ်သော အောင်မြင်မှု အချိုးအကွေ့တွေနဲ့ တက်လှမ်းနိုင်ဖို့ အစိုးရအဖွဲ့ဝင်အားလုံးက မိမိတို့ ဖွဲ့လုံ့လ၊ ဝီရိယကို မြှင့်တင်ထားရမှာ ဖြစ်ပါတယ်။ နောင်လာမယ့် နှစ်သစ်မှာ ကျွန်တော်တို့ဟာ ခရစ္စမတ်ရဲ့ အနှစ်သာရကို ယူဆောင်ပြီး ပြည်သူလူထုထဲ ငြိမ်သက်ခြင်းနဲ့ ဝမ်းမြောက်ခြင်းတွေကို ပိုမို အပ်နှံနိုင်ဖို့ လုံ့လထား ကြိုးစားဖို့လိုကြောင်း တိုက်တွန်းချင်ပါတယ်" ဟု ယာယီသမ္မတက ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ် တစ်နှစ်လုံး ကြိုးပမ်းလုပ်ဆောင်ခဲ့သမျှသော လုပ်ငန်းစဉ် အရပ်ရပ်ကို ပြန်လည် ဆန်းစစ် သုံးသပ်ပြီး လိုအပ်ချက်များ၊ အားနည်းချက်များကို ဖွံ့ဖြိုးစိတ်ဖြာကြရန် အထူးလိုအပ်တယ်ကြောင်း၊ မဟာဗျူဟာ စဉ်းစားချက်များကို လေ့နမ်းထားစ် တွေးခေါ်လုပ်ဆောင်တာမျိုး မဟုတ်ဘဲ အခြေအနေ အချိန်အခါနှင့် လိုက်လျောညီထွေဖြစ်စေဖို့အတွက် အထူးသတိပြုကြရန် ယာယီသမ္မတက ဆက်လက်ပြောကြားခဲ့သည်။

https://bit.ly/3H08W3h



တရားမျှတမှုနှင့် လူ့ဂုဏ်သိက္ခာကို လေးစားအသိအမှတ်ပြုရန် ယာယီသမ္မတမှ ခရစ္စမတ်နေ့ အထိမ်းအမှတ် နှုတ်ခွန်းဆက် သဝဏ်လွှာတွင် ပြောကြား

တရားမျှတမှုနှင့် လူ့ဂုဏ်သိက္ခာကို လေးစားအသိအမှတ်ပြု ကာကွယ်ပေးမှသာ လူတိုင်းအတွက် စစ်မှန်သော လွတ်မြောက်မှုကို ဆောင်ကျဉ်းတည်ဆောက်ပေးနိုင်မည်ဟု အမျိုးသားညီညွတ်ရေးအစိုးရ ယာယီသမ္မတဒူဝါလရှီးလမှ ဒီဇင်ဘာ (၂၅) ရက် ခရစ္စမတ်နေ့အထိမ်းအမှတ် နှုတ်ခွန်းဆက်သဝဏ်လွှာတွင်ပြောကြားခဲ့သည်။

စစ်မှန်သောလွတ်မြောက်ခြင်းသည် တရားမျှတမှုရှိခြင်းနှင့် လူတစ်ဦး၏တန်ဖိုးနှင့် ဂုဏ်သိက္ခာကို လေးစားတန်ဖိုးထားခြင်းတို့ရှိမှသာ ဖြစ်တည်နိုင်မည်ဖြစ်ပြီး လူတစ်ဦးချင်း၊ တစ်ဖွဲ့ချင်းစီ၏ လွတ်လပ်သောစိတ်ဆန္ဒနှင့် ရွေးချယ်ပိုင်ခွင့်ရှိခြင်းကို ဖိနှိပ်ချုပ်ချယ်သော မည်သည့်အုပ်ချုပ်မှု ပုံစံမျိုးတွင်မဆို စစ်မှန်သည့်တရားမျှတမှုနှင့် တန်းတူညီမျှမှု မရရှိနိုင်ကြောင်း ယာယီသမ္မတကပြောကြားခဲ့သည်။

လူတိုင်းသည် တရားမျှတစွာနှင့် လူ့ဂုဏ်သိက္ခာရှိစွာ တန်ဖိုးထား ဆက်ဆံပိုင်ခွင့်ရှိပြီး တရားမျှတမှုနှင့် လူ့ဂုဏ်သိက္ခာကို လေးစားအသိအမှတ်ပြု ကာကွယ်ပေးမှသာ လူတိုင်းအတွက် စစ်မှန်သော လွတ်မြောက်မှုကို ဆောင်ကြဉ်း တည်ဆောက်ပေးနိုင်မည်ဖြစ်ကြောင်း ယာယီသမ္မတက ဆက်လက်ပြောကြားခဲ့သည်။

https://bit.ly/47hgwBp

ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေး ဖော်ဆောင်မှု ဗဟိုကော်မတီ

စစ်ရေးဖိအားပေးမှုများ ပိုမိုဖော်ဆောင်ချိန်တွင် တော်လှန်ရေးကို နှောင့်နှေးစေနိုင်မည့် ကိစ္စရပ်များကို ထိရောက်စွာ တားဆီးကြရန် ပြည်ထောင်စုဝန်ကြီးချုပ်တိုက်တွန်း

စစ်ရေးအရ ဖိအားပေးမှုများ ပိုမိုဖော်ဆောင်နိုင်ရေးအတွက် ပြင်ဆင်နေချိန်တွင် နောက်ပြန်ဆွဲပြီး တော်လှန်ရေးကို နှောင့်နှေးစေနိုင်မည့် ကိစ္စရပ်များကို ထိထိရောက်ရောက် တားဆီးကြရန် အမျိုးသားညီညွတ်ရေးအစိုးရ ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းမှ ဒီဇင်ဘာ (၂၉) ရက် ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှု ဗဟိုကော်မတီအစည်းအဝေးတွင် တိုက်တွန်းပြောကြားခဲ့သည်။

"စစ်ရေးအရ ဖိအားပေးမှုများ ဆထက်တိုးပြီး ဖော်ဆောင်နိုင်ရန် ပြင်ဆင်နေကြရမယ့်အချိန်တွင် နောက်ပြန်ဆွဲပြီး တော်လှန်ရေးကို နှောင့်နှေးစေနိုင်မယ့် ကိစ္စရပ်တွေကို ထိထိရောက်ရောက် တားဆီးနိုင်ကြဖို့လိုမှာဖြစ်ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးချုပ်က ပြောကြားခဲ့သည်။ စစ်ရေး မျက်နှာစာ အားကောင်းရန် တဘက်မှ ဖိဖိစီးစီးဆောင်ရွက်နေကြရသလို တဘက်ကလည်း စစ်ကောင်စီ အတွက် ဝင်ငွေရလမ်းများ ဖြတ်တောက်သည့် လုပ်ငန်းစဉ်များနှင့် ပြည်သူများကို လေကြောင်းဖြင့် လက်နက်ကြီးများအသုံးပြု တိုက်ခိုက်ခြင်းများ အားလျော့သွားရန်လည်းနည်းမျိုးစုံဖြင့် လုပ်ဆောင်ကြရန် ပြည်ထောင်စုဝန်ကြီးချုပ်က အလေးအနက်ထား တိုက်တွန်း ပြောကြားခဲ့သည်။



https://bit.ly/3SI9RG3

အမွေအနှစ်ဆိုင်ရာ ကြားကာလစီမံအုပ်ချုပ်မှုဗဟိုအဖွဲ့

အကြမ်းဖက်စစ်တပ်၏ မြောက်ဦးရှေးဟောင်းသုတေသနပြတိုက်ကို တိုက်ခိုက်ခြင်းအား နိုင်ငံတကာနှင့် ပြည်တွင်းတရားရုံးတို့တွင် အရေးယူနိုင်ရေးဆောင်ရွက်သွားမည်

အကြမ်းဖက်စစ်တပ်၏ မြောက်ဦး ရှေးဟောင်းသုတေသနပြတိုက်ကို တိုက်ခိုက်ခြင်းအား နိုင်ငံတကာတရားရုံးနှင့် ပြည်တွင်းတရားရုံး အရပ်ရပ်တို့တွင် အရေးယူနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းသို့ ဖျက်ဆီးကျူးလွန်ခြင်းများ ထပ်မံမဖြစ်ပွားစေရန်နှင့် ကျူးလွန်သော အကြမ်းဖက်စစ်တပ်ကို အရေးယူဆောင်ရွက်နိုင်ရန် တော်လှန်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဟု အမျိုးသားညီညွတ်ရေးအစိုးရ အမွေအနှစ်ဆိုင်ရာ ကြားကာလစီမံအုပ်ချုပ်မှုဗဟိုအဖွဲ့က ဒီဇင်ဘာ (၂၅) ရက်တွင် ထုတ်ပြန်ခဲ့သည်။

ဒီဇင်ဘာလ (၂၅) ရက်နေ့တွင် အကြမ်းဖက်စစ်ကောင်စီ လက်အောက်ခံ ၅၄၀-တပ်နှင့် ၃၇၇-တပ်တို့မှ ပစ်ခတ်လိုက်သော လက်နက်ကြီးများ ပေါက်ကွဲမှုကြောင့် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ် မြောက်ဦးအမွေအနှစ်ဇုန်အတွင်းတည်ရှိသော မြောက်ဦး ရှေးဟောင်းသုတေသနပြတိုက်အတွင်းရှိ ရှေးခေတ် ရခိုင်ဘုရင်အဆက်ဆက်၏ အမျိုးသား ယဉ်ကျေးမှု အမွေအနှစ်များအဖြစ် နှစ်ထောင်ပေါင်းများစွာ သက်တမ်းရှိ ကျောက်စာတိုင်များ၊ ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ ရုပ်ဝတ္ထုများနှင့် လူနေအိမ်ခြေများ ပျက်စီးခဲ့ရကြောင်း ဖော်ပြထားသည်။

ယင်းလုပ်ရပ်မှာမြန်မာနိုင်ငံ၏ တည်ဆဲရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၁၉(က)ကို ကျူးလွန်လိုက်ခြင်းဖြစ်ခြင်း၊ တိုင်းရင်းသားအချင်းချင်းအပေါ်တွင် ဗိုလ်ကျ စိုးမိုး၍ ငြိမ်းချမ်းရေးအငြိတိုင်ပျက်စီးစေရန် ကျူးကျော် ရန်စသည့် လုပ်ရပ်ဖြစ်ခြင်းများကြောင့် စစ်ကောင်စီ၏ လုပ်ရပ်အား အမျိုးသားညီညွတ်ရေးအစိုးရ ကြားကာလအမွေအနှစ် ထိန်းသိမ်းရေးကော်မရှင်မှ ပြင်းထန်စွာ

စာမျက်နှာ (၅) သို့

<<< စာမျက်နှာ (၄) မှ

ရှေ့ဆိုက်ကြောင်းနှင့် နိုင်ငံတကာတရားရုံး၊ ပြည်တွင်းတရားရုံး အရပ်ရပ်တို့အရ အရေးယူနိုင်ရေး ဆောင်ရွက်သွားမည်ဟု ဖော်ပြထားသည်။

https://bit.ly/4aAovMF

ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန

တစ်ရက်အတွင်း အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့ဝင် ၇၀ နီးပါးသေဆုံးသည်အထိ တိုက်ခိုက်နိုင်ခဲ့



အာဏာသိမ်းအကြမ်းဖက်စစ်အုပ်စု၏ ပြည်သူလူထုအပေါ် အကြမ်းဖက် ဖိနှိပ်ဖမ်းဆီး တိုက်ခိုက်သတ်ဖြတ်နေမှုများကို ပြည်သူလူထုတစ်ရပ်လုံးက အသက်ရှင်သန်ရေးအတွက် မိမိကိုယ်ကိုယ်မိမိ ခုခံကာကွယ်ပိုင်ခွင့်အရ ပြည်သူ့ခုခံစစ်ကို ဆင်နွှဲလျက်ရှိရာ တစ်ရက်အတွင်း အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့ဝင် (၆၅) ဦးသေဆုံးသည်အထိ တိုက်ခိုက်နိုင်ခဲ့ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနမှ ဒီဇင်ဘာ (၂၈) ရက်တွင်ထုတ်ပြန်ခဲ့သည်။ ထို့အပြင် စစ်အာဏာရှင်စနစ် အပြီးတိုင်ချုပ်ငြိမ်းရေး နှင့် ဖက်ဒရယ်ဒီမိုကရေစီတည်ဆောက်ရေးအတွက် ငြိမ်းချမ်းစွာဆန္ဒပြသည့် လူထုသပိတ်တိုက်ပွဲများက တိုင်းဒေသကြီးများတွင် ဖြစ်ပွားပေါ်ပေါက်လျက်ရှိသည်။

https://bit.ly/48A2nQH

အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ

အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) မှ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု မူဝါဒကို ထုတ်ပြန်

အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်နိုင်ရေး အဆင့် (၃) ဆင့်

အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) အစည်းအဝေးတွင် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုမူဝါဒကို အတည်ပြုခဲ့ပြီး အဆိုပါမူဝါဒကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၄) ရက်နေ့တွင် ထုတ်ပြန်ကြောင်း သိရသည်။

အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရာတွင် လူ့အခွင့်အရေး ဆိုးဝါးစွာ ချိုးဖောက်ခံရသူများအတွက် တရားမျှတမှု ဖော်ဆောင်ရာတွင် ကျူးလွန်သူများအား ထိုက်သင့်သော ပြစ်ဒဏ်များ ချမှတ်ရုံမျှသာ မလုံလောက်ဘဲ နစ်နာသူများ၏ စိတ်ပိုင်းဆိုင်ရာနှင့် လူ့ဘဝတွင် ပြန်လည်ကုစားနိုင်ရေးအတွက် နိုင်ငံရေးအရသော်လည်းကောင်း၊ လူမှုရေးအရသော်လည်းကောင်း သင့်လျော်သော လုပ်ငန်းစဉ်များ ဖော်ဆောင်နိုင်ရန်အတွက် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု လုပ်ငန်းစဉ်အား မဖြစ်မနေအကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်နိုင်ရေးကို

- အဆင့် (၁) ကြားကာလ (ပဋိပက္ခနှင့် စစ်ပွဲများ ဖြစ်ပွားနေစဉ်ကာလ အတွင်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်လုပ်ငန်းများ)၊
- အဆင့် (၂) အသွင်ကူးပြောင်းရေးကာလ (ပဋိပက္ခများ အဆုံးသတ်သည်နှင့် ချက်ခြင်းလုပ်ဆောင်ရမည့် လုပ်ငန်းများ) နှင့်
- အဆင့် (၃) ဖက်ဒရယ်ဒီမိုကရေစီကာလ (နိုင်ငံတည်ငြိမ်လာပြီး ဖက်ဒရယ် ဒီမိုကရေစီ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ စီမံအုပ်ချုပ်သည့်ကာလတွင် လုပ်ဆောင်ရမည့်လုပ်ငန်းများ) ဟူ၍ အဆင့် (၃) ဆင့်ဖြင့် သက်ဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အစိုးရများသည်

  မူဝါဒပါ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု လုပ်ငန်းစဉ်များအား အပြည့်အဝအကောင်အထည်ဖော်ပေးရန် တာဝန်ရှိကြောင်းတို့ ဖော်ပြပါရှိကြောင်း သိရှိရသည်။ https://bit.ly/48TRycH

၂၀၂၃၊ ဒီဇင်ဘာလ စစ်ရေး သတင်းအနှစ်ချုပ် သုံးသပ်ချက်

၂၀၂၃ ခုနှစ်၏ နောက်ဆုံးလ ဖြစ်သော ဒီဇင်ဘာလ အတွင်း သိသာထင်ရှားသည့် စစ်ရေးဖြစ်ပေါ်တိုးတက်မှု (၂) ရပ်ပေါ်ထွက်ခဲ့သည်။ ရန်ကုန်-မန္တလေး အမြန်လမ်း၊ လမ်းဟောင်း ဒေသ တွင် ပြည်သူ့ကာကွယ်ရေး တပ်မတော် နှင့် မဟာမိတ် တော်လှန်ရေး အဖွဲ့များ စစ်ရေး တိုးချဲ့လှုပ်ရှားနိုင်မှု နှင့် ရှမ်းမြောက် ဒေသ တွင် ညီနောင် မဟာမိတ်များ၏ မြို့သိမ်းပိုက်မှုများ များပြားလာမှုဖြစ်သည် အမျိုးသား ညီညွတ်ရေး အစိုးရ၏ ထိပ်တန်းခေါင်းဆောင်များဖြစ်သော ပြည်ထဲရေး နှင့် လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ပြည်သူ့ လုံခြုံရေး နှင့် ကာကွယ်ရေးကောင်စီ အဖွဲ့ဝင် ဦးလွင်ကိုလတ် နှင့် ကာကွယ်ရေး ဒုတိယ ဝန်ကြီး နိုင်ကောင်းချက် တို့ အရေးကြီး စစ်မျက်နှာများဖြစ်သည့် စစ်ကောင်းမြစ်ဝှမ်း ဒေသ နှင့် မွန်ပြည်နယ်ရေး ဒေသ သို့ သွားရောက်သည့် ဓာတ်ပုံများ လည်း ပေါ်ထွက်လာခဲ့သည်။ စစ်ကိုင်း နှင့် မကွေး တိုင်းတွင် ပြည်သူ့ကာကွယ်ရေး တပ်မတော်၏ စစ်ရေးလှုပ်ရှားမှု တိုးချဲ့နိုင်ခဲ့သလို အချက်အခြာ ဆက်သွယ်ရေး လမ်းကြောင်းပေါ်တွင်ရှိသည့် စခန်းများ၊ မြို့များ ကို သိမ်းပိုက်နိုင်ခဲ့သည်။

တနိုင်ငံလုံး၏ စစ်ရေးလှုပ်ရှားမှုကို ကြည့်ပါက အကြမ်းဖက် စစ်တပ်သည် ခံစစ်အနေအထားတွင်သာ ရှိတော့ပြီး တော်လှန်ရေး အင်အားစု အသီးသီးက တပြိုင်တည်း နှီးပါး ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိသည်။ ယင်းမှာလည်း ပြည်သူ့ခုခံ ကာကွယ်စစ် နှစ်နှစ်ကျော်တာ ကာလ ပတ်လုံး မြေပြန့်ဒေသများတွင် ပြည်သူ့ကာကွယ်ရေး တပ်မတော် နှင့် တော်လှန်ရေး အဖွဲ့အစည်း အသီးသီးက စစ်တပ်၏ နောက်တန်း ဌာနချုပ်များ၊ ဆက်သွယ်ရေး လမ်းကြောင်းများ၊ စစ်ယာဉ်တန်းများကို နှောင့်ယှက်တိုက်ခိုက်ခြင်းဖြင့် စစ်တပ် တခုလုံးကို လက်ပန်းကျအောင်၊ အင်အား အလွန်အမင်း ဆန့်ထုတ်ထားရအောင် လုပ်ဆောင်နိုင်ခဲ့ခြင်း၏ ရလဒ်ဖြစ်သည်။

တောင်ပိုင်း စစ်ဒေသတွင် ဖာပွန်ဟိန်းသ နှင့် ဆယ်လမွန် ပူးပေါင်းစစ်ဆင်ရေးဖြင့် ကျောက်တံခါး မြို့နယ်၊ ကျောက်ကြီးမြို့နယ် ရှိ စစ်ရေး ပစ်မှတ်များကို တိုက်ခိုက်လျက်ရှိကာ နတ်သံကွင်း မြို့ကို သိမ်းပိုက်ထားသည်။ ရန်ကုန်-မန္တလေး အမြန်လမ်း မြို့နယ်များဖြစ်သည့် ရေတာရှည် နှင့် ညောင်လေးပင် မြို့နယ်တို့တွင် စစ်ရေးလှုပ်ရှားမှုများ ဖော်ဆောင်ခဲ့သလို နေပြည်တော် နှင့် မိုင် ၅၀ အကွာတွင်ရှိသည့် စစ်ကောင်စီ လက်အောက်ခံ အမှတ် (၆) သကြားစက်ရုံတွင် ပြည်သူ့ကာကွယ်ရေးတပ်မတော်သားများ စည်းရုံးရေး ဆင်းခဲ့ကြသည်။ ထို့အတွက် အချက်အခြာ ဆက်သွယ်ရေးလမ်းမကြီး ဖြစ်သည့် အမြန်လမ်း ဒေသ ကို စစ်တပ် အနေဖြင့် စိုးမိုးမှု လျော့ပါးလာသည်ကိုတွေ့ရပြီး မကြာခင်တွင် နိုင်ငံအလယ်ပိုင်းတွင် မဟာဗျူဟာမြောက် တည်ရှိနေသည့် ပဲခူးရိုးမ နှင့် တောင်ပိုင်း စစ်ဒေသကြား ဆက်သွယ်ရေး လမ်းကြောင်း ခိုင်ခိုင်မာမာ ပွင့်သွားတော့ မည့် အလားအလာရှိနေသည်။ ယင်းသို့ အခြေအနေ ပေါ်ပေါက်လာပါက မြန်မာ နိုင်ငံတောင်ပိုင်း စစ်ရေး အခြေအနေ ကြီးစွာ တိုးတက်ပြောင်းလဲသွားမည်ဖြစ်ကာ စစ်တပ် ဌာနချုပ် နေပြည်တော် ဒေသ သည် ဘက်ပေါင်းစုံ မှ ပိတ်ဆို့ခံလာရမည်ဖြစ်သည်။

ရှမ်းမြောက်ဒေသတွင် နမ့်ခမ်းမြို့၊ နမ့်ဆန်မြို့၊ မန်တုံမြို့၊ နမ္မတူ မြို့တို့ကို ညီနောင် မဟာမိတ် အဖွဲ့ဝင် တအာင်း အမျိုးသား လွတ်မြောက်ရေး တပ်မတော်က လျင်စွာ လျင်မြန်သည့် နှုန်းဖြင့် ထိန်းချုပ်နိုင်ခဲ့သည်။ မူဆယ်၊ ကွတ်ခိုင် နှင့် နမ့်ဖတ်ကာ ဒေသ တို့သည်လည်း ဝန်းရံ တိုက်ခိုက်ခံနေရကာ ကိုးကန့် မြို့တော် လောက်ကိုင်ကိုလည်း ညီနောင် မဟာမိတ်များက ပိတ်ဆို့ တိုက်ခိုက်လျက်ရှိသည်။ ရှမ်းမြောက် ဒေသ ရှိ ဆက်သွယ်ရေး လမ်းကြောင်းများကိုလည်း စစ်တပ်က ဖွင့်လှစ်နိုင်ခြင်းမရှိဘဲ အဆိုပါ ဒေသ တခုလုံးပေါ် စိုးမိုးထားမှုသည် ညီနောင် မဟာမိတ် အဖွဲ့ နှင့် ပြည်သူ့ကာကွယ်ရေး တပ်မတော် ထံတွင်သာ ရှိနေသည့် ပုံပေါ်နေသည်။ ယင်းကဲ့သို့ ဆက်သွယ်ရေး လမ်းကြောင်းများကို ပိတ်ဆို့ပြီးသည့်နောက်တွင် မြို့များကို တမြို့ပြီး တမြို့ သိမ်းယူခဲ့ခြင်းဖြစ်ကာ စစ်တပ် အနေဖြင့် တန်ပြန်တိုက်ခိုက်မှုများ လုပ်ဆောင်နိုင်ခြင်းလည်း မရှိပေ။ မကြာခင် ကာလတွင် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ဖြစ်သည့်လားရှိုးမြို့ ကိုပါ ပိုမို တင်းကြပ်စွာ ဝန်းရံ ပိတ်ဆို့လာမည့် အလားလာများကို တွေ့နေရသည်။

သတင်းမှား

စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ်ရှိ ဒေသခံ ပြည်သူများ၏ နေအိမ်များကို တော်လှန်ရေး ပူးပေါင်းတပ်များက မီးရှို့ဖျက်ဆီးနေကြောင်းကို စစ်ကောင်စီ၏ လော်ဘီမီဒီယာချန်နယ်ဖြစ်သော မိုင်းဝေမှ သတင်းမှား ဖြန့်ချိမှုများ ပြုလုပ်နေပြီး အခြားသော စစ်ကောင်စီလော်ဘီ ချန်နယ်များမှလည်း ဖော်ပြလျက်ရှိကြောင်း တွေ့ရှိရသည်။

သတင်းမှန်

လွတ်လပ်ပြီး ယုံကြည်စိတ်ချရသည့် သတင်းဌာနများတွင် စစ်ကောင်စီ၏ လက်ပါးစေပျူစောထီးများ စခန်းချ နေထိုင်ရာ မြင်းချင်းရွာကို ရွှေဘိုခရိုင်၊ တပ်ရင်း ၄ ရင်း ပူးပေါင်းကာ တိုက်ခိုက်သိမ်းပိုက်ခြင်းဖြစ်ပြီး တိုက်ခိုက်မှုအပြီးတွင် စစ်ကောင်စီတပ်များ အင်အားအလုံးအရင်းနှင့် ဝင်ရောက်လာပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးကာ ပြည်သူများ၏ ပစ္စည်းများယူဆောင်ခြင်းများကိုလည်း လုပ်ဆောင်ခဲ့ကြောင်း ဖော်ပြထားကြသည်။

သတင်းမှား

ပြည်သူလူထုနေထိုင်သည့် နေအိမ်များကို ပြည်သူ့ကာကွယ်ရေးတပ်များက တိုက်ခိုက်မှုများ ပြုလုပ်နေကြောင်းကို စစ်ကောင်စီလော်ဘီ တယ်လီဂရမ်ချန်နယ် ဖြစ်သည့် စနိုးကွင်းချန်နယ်မှ ဖော်ပြခဲ့ပြီး ယင်းသတင်းများကို အခြားသော လော်ဘီများမှလည်း ပြန်လည်ကူးယူ ဖော်ပြကြောင်း တွေ့ရှိရသည်။

သတင်းမှန်

လွတ်လပ်ပြီး ယုံကြည်စိတ်ချရသည့် သတင်းဌာနများတွင် စစ်ကောင်စီတပ်မှ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်သည့်အတွက် ပြည်သူများ အသက်ဆုံးရှုံးရခြင်းများ ရှိကြောင်း ရေးသားဖော်ပြထားကြသည်။

သတင်းမှား

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်အတွင်းမှ လူနေရပ်ကွက်များ မီးလောင်ပျက်စီးသည်ကို ပြည်သူ့ကာကွယ်ရေးတပ်များက မီးရှို့ဖျက်ဆီးနေသည်ဟု စစ်ကောင်စီလော်ဘီချန်နယ်ဖြစ်သည့် စနိုးကွင်းချန်နယ်မှ ဖော်ပြထားသည်။

သတင်းမှန်

လွတ်လပ်ပြီး ယုံကြည်စိတ်ချရသည့် ကရင်ပြည်အခြေစိုက် ကေအိုင်စီသတင်းဌာနအပါအဝင် အခြားသတင်းဌာနများမှ စစ်ရေးတင်းမာနေသည့် ကော့ကရိတ် မြို့ပေါ်တွင် စစ်ဘေးရှောင်ပြည်သူများနှင့် နေအိမ်အလုံးပေါင်း ၃၀ ထက်မနည်း မီးလောင်ပျက်စီးခဲ့ပြီး၊ ယခုမီးလောင်မှုသည် လက်နက်ကြီးထိမှန်ခြင်းကြောင့် ဖြစ်ကြောင်း ရေးသားဖော်ပြထားကြသည်။

နှစ်သစ်ဆုတောင်းစကား

"ဖက်ဒရယ် ဒီမိုကရေစီ နိုင်ငံသစ်ကို
အမြန်ဆုံးထူထောင်နိုင်ဖို့ တစိုက်မတ်မတ်
ကြိုးစားသွားမယ်ဆိုတာ ကတိပြုရင်း
နိုင်ငံသူ၊ နိုင်ငံသားအားလုံး နှစ်သစ်မှာ
ငြိမ်းချမ်းပျော်ရွှင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။"

ဒူဝါလရှီလ
နိုင်ငံတော် ယာယီသမ္မတ
အမျိုးသားညီညွတ်ရေး အစိုးရ

"ခိုင်မာတဲ့ သန္နိဋ္ဌာန်၊ ခိုင်မာတဲ့
စိတ်ဓာတ်တွေနဲ့အတူ လျှောက်လှမ်းခဲ့ကြတဲ့
၂၀၂၃ ဟာ ဒီနွေဦးတော်လှန်ရေးမှာ
ဘယ်သူနိုင်မယ် ဘယ်သူရှုံးမယ်ဆိုတာကို
အဆုံးအဖြတ် ပေးခဲ့ပြီး ဖြစ်တာကြောင့်
ယခုနှစ်သစ် ၂၀၂၄ ခုနှစ်မှာတော့
စုစည်းညီညွတ်မှုအားကို ပိုမိုခိုင်မာအောင်
တည်ဆောက်ကြရင်း အဆုံးသတ်
တိုက်ပွဲအတွက် အောင်မြင်မှုတွေ
ဆောင်ကြဉ်းလာနိုင်ဖို့ အတူတကွ
ကြိုးစားကြရအောင်ပါ။"

မန်းဝင်းခိုင်သန်း
ပြည်ထောင်စုဝန်ကြီးချုပ်
အမျိုးသားညီညွတ်ရေး အစိုးရ